
နန်းကျော့ရှင်နှင့်
အသည်းစားမြေခွေး
တုနှိုင်းမဲ့ (သစ္စာ)

"နန်းကျော့ရှင်နှင့် အသည်းစားမြေခွေး"
(စ/ဆုံး)

"ဆရာ စောပိုင် ကယ်ပါဦး ကျွန်မသားလေးကို"

အလောတကြီးနှင့် ဒေါ်မြရင် ဆရာစောပိုင်၏ အိမ်ရှေ့သို့ ရောက်လာတယ်။ ကာလသား နှစ်ယောက်ကလည်း ဒေါ်မြရင်၏သား မျိုးကျော်သူကို ထမ်းထားလျက်...

"မမြရင် စိတ်ကို ငြိမ်ငြိမ်ထားပါဗျာ လာလာ ကလေးကို အိမ်ပေါ်သယ်လာခဲ့ကြ"

မျိုးကျော်သူ၏ အသားမှာ ပုံမှန်ထက် နီရဲနေသည်။

ဆရာစောပိုင် မျိုးကျော်သူအား သေချာကြည့်ပြီး တပည့်ဖြစ်သူ သက်ကကို...

"သက်က ဘုရားစင်ပေါ်က ရေမန်းနဲ့ စုတ်တံဆေး အစုံအလင် မြန်မြန်ယူလာခဲ့ပေး"

"ဟုတ်ကဲ့ဆရာကြီး..."

သက်ကလည်း ဘုရားစင်မှ ပစ္စည်းအစုံအလင်အား ယူဆောင်လျက် ဆရာကြီးကို တရိုတသေပေး၏။

ဆရာကြီးမှ မျိုးကျော်သူအား လက်အုပ်ချီခိုင်းပြီး ခြေထောက်များအား ဆန့်တန်းခိုင်းသည်။ အပေါ်အောက်ချခိုင်းသည်။ ထို့နောက် ဆရာကြီးမှ...

"ဥုံ အရဟံ သိဒ္ဓိ ... အထက် ဆရာကြီးများအား ရိုသေစွာ ပင့်ဖိတ်ပါ

တယ်... အထက်ဆရာများ အမိန့်နဲ့ ငါဆရာ၏အမိန့်... နာခံစေ..."

"ပြော ဘာရန်ငြိုးရှိလို့ ခုလိုလုပ်တာလဲ..."

မျိုးကျော်သူကို တစ်ယောက်ယောက် ပညာအစွမ်းနှင့် လုပ်ထားခြင်းပင်။ ပါးစပ်ကို လုံးဝမဟ။ သွေးထွက်အောင် ကိုက်ထားသည်။

"တယ် ငမိုက်သား ရေမန်းအစွမ်း ဆေးအစွမ်း မြည်းကြည့်စမ်းဟေ့..."

"အား ကြောက်ပါပြီ "

ဒီတစ်ခါတော့ လူးလိမ့်အောင်ခံစားသွားရသည်။

ဖွင့်ဟရတော့မည်။

"ကြောက်ရင် မေးတာ ကောင်းကောင်းမွန်မွန်ဖြေ"

"ဟုတ်ကဲ့ ကျွန်မက ဟိုဘက်ရွာက ပညာသည်ပါ သူနဲ့လည်း ချစ်ကြိုက်ခဲ့ပါတယ် ခုသူက ကျွန်မကို မချစ်တော့ဘဲ တခြားမိန်းကလေး တစ်ယောက်နဲ့ လက်ထပ်တော့မယ်ဆိုလို့ ခုလို ကြံစည်မိတာပါ"

"ခုချက်ချင်း မင်းပညာ အားလုံးကိုပြန်ထုတ်"

"ဟုတ် ဟုတ်ကဲ့ပါ..."

"ဝေါ့...ဝေါ့"

မျိုးကျော်သူ အဆက်မပြတ်အန်၏။

ဆံပင်အလုံး အထွေးများနှင့်

ကျောက်ခဲများမှာ မြင်ရက်စရာ မရှိပေ။

မျိုးကျော်သူလည်း နည်းနည်း သတိပြန်ဝင်လာသည်။

"ဒီတိုင်း ထွက်သွားလို့ မရဘူး တောင်းပန်ပြီး ပညာအကုန် လှူခဲ့"

"ဟုတ် ဟုတ်ကဲ့ပါ ဆရာကြီး..."

ဆရာကြီးကို ရှိခိုးပြီး သစ္စာရေကို သောက်ကာ

ပညာများအား လှူသွားသည်။ မျိုးကျော်သူလည်း လူကောင်းပကတိ ပြန်ဖြစ်သွားသည်။

"ကျေးဇူးတင်ပါတယ် ဆရာကြီးရယ် ကျွန်မသားလေးမှာ ဆရာပေးတဲ့ အသက်ပဲရှိပါတယ်"

"ကဲပါ မမြရင်ရယ် ထားပါတော့ ခင်ဗျားသားအမှားလည်း မကင်းလို့ ခံရတာ နောက်အရှုပ်အရှင်းကင်းအောင်နေ ကြားလား"

"ဟုတ် ဟုတ်ကဲ့ပါဆရာကြီး ကျွန်တော် သင်ခန်းစာရပါပြီ"

ဒေါ်မြရင်တို့အုပ်စုလည်း ဆရာကြီးကို ကန်တော့ပြီး ပြန်သွားကြသည်။

*****